မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 17 , 2024 Volume 85 , Number 12

၁၇.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၂.၉၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၄၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၅.၆၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၂.၅၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

# အရည်အသွေးကောင်းသည့် ထောပတ်သီးများရရှိရန် ထောပတ်သီးနှင့်ပတ်သက်သည့် သင်တန်းဖွင့်လှစ်မည်



အရည်အသွေးကောင်းသည့်ထောပတ်သီးများရရှိရန် မြန်မာနိုင်ငံထောပတ်သီးအသင်းမှထောပတ်သီးစိုက်တောင်သူများအတွက် လာမည့်နှစ်တွင် ထောပတ်သီးနှင့်ပတ်သက်သည့် သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း စိုက်ပျိုးထွက်ရှိသည့် ထောပတ်သီးကို ပြည်တွင်းဈေးကွက်ဖြစ်သည့် နေပြည်တော် ၊ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံသို့ Border Trade ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

"ထောပတ်သီးစပေါ်တဲ့အချိန်တုန်းက ဈေးကောင်းမရဘူး၊ ဘာကြောင့်လဲဆိုတော့ တာချီလိတ်လမ်းကြောင်း တစ်ခုပဲရှိတဲ့အတွက် ဈေးကောင်းမရဘူး၊ အခု ဒီဇင်ဘာမှ ဈေးကောင်းစရတာ၊ ဒီနှစ်မှာ အသီးရဲ့ Quality ကလည်း အရမ်းညံ့တယ်"ဟု မြန်မာနိုင်ငံထောပတ်သီးအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားမျိုးများဖြစ်သည့် ထောပတ်သီးမျိုးများကို စိုက်ဧက ၁၅,၀၀၀ ကျော်စိုက်ပျိုးထားပြီး ယင်းမှ တန်ချိန် ၂၀၀၀ ခန့်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီ ၁၈၇၄ ဧက တိုးချဲ့စိုက်ပျိုးနိုင်



တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ယခုနှစ်တွင် နိုင်ငံခြားဈေးကွက်ဝင်သီးနှံတစ်ခုဖြစ်သည့် ကော်ဖီကို ၁၈၇၄ ဧက စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီကို ၂၀၂၃-၂၀၂၄ ခုနှစ်က ကော်ဖီစိုက်ဧက ၁၁၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၃၀၂၂ ဧက စိုက်ပျိုးနိုင်သည်။

ခရိုင်အလိုက်ကော်ဖီစိုက်ပျိုးမှုမှာ ထားဝယ်ခရိုင်၌ ကော်ဖီဧက ၄၇၀၊ မြိတ်ခရိုင်၌ ဧက ၁၂၀၀၊ ဘုတ်ပြင်းခရိုင်၌ ၈၄၅ ဧက နှင့် ကော့သောင်းခရိုင်၌ ၅၀၇ ဧက စိုက်ပျိုးထားသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီအသီးခူးဧကနှင့်ထွက်ရှိမှုမှာအသီးခူးဧကအနေဖြင့် ယခင်နှစ် ၂၀၂၃-၂၀၂၄ ခုနှစ် မတ်လကုန်အထိ ဧက ၂၉၀ ရှိပြီး တစ်ဧကလျှင် ကော်ဖီထွက်ရှိမှုမှာ ၁၄၉ ဒသမ ၆၁ ပိဿာ ထွက်ရှိသည်။

ယခုနှစ် နိုဝင်ဘာလကုန်ထိ အသီးခူး ၅၃ ဧကရှိပြီး ကော်ဖီထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ၁၂၇ ပိဿာ ထွက်ရှိသည်။

" ကော်ဖီပင်များကို မိုးဦးကာလဖြစ်တဲ့ ဇွန်လမှာ စတင်စိုက်ပျိုးရပါတယ်။စိုက်ပျိုးပြီး လေးနှစ်ငါးနှစ်သားအရွယ်မှာ စတင်အသီးသီးပါတယ်။ကော်ဖီသီးများကို ဒီဇင်ဘာလနဲ့ ဇန်နဝါရီလတွေမှာ အသီးခူးရပါတယ်။ပြည်တွင်းကထွက်ရှိလာတဲ့ ကော်ဖီတွေကို ပြည်ပတင်ပို့တာရှိပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံခြားဈေးကွက်ဝင်သီးနှံဖြစ်သော ကော်ဖီပင်များကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်၌ တနင်္သာရီမြို့နယ် မော်တောင်မြို့နှင့် ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်တို့၌ ကော်ဖီပျိုးပင်များကို ဧကရာချီ၍ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၉-၁၂-၂၀၂၄ မှ ၁၃-၁၂-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၄၈၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၈၅၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၆၅၇,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC( 2024 Crop) ကျပ် ၂၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၂၅,၀၀၀ ၊ ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၈၈,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀)နှင့်ပဲစင်းငုံ Red/ RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၄ လုံး (တန်ချိန် ၁၅၃၆)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၄ လုံး (တန်ချိန် ၃၃၆) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမို ဝင် ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇၀၀၀၊ မြားနီ ကျပ် ၆၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀၊ နှင့် မြားနီ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ် က ရေတ်ရှည် အိတ်ပေါင်း ၂၃၀၀ (၄၆,၀၀၀ ပိဿာ) နှင့် ရေတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည်အိတ်ပေါင်း ၁၃၅၀ (၂၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတ်ရှည်အိတ်ပေါင်း ၉၅၀ (၁၉,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ရေတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၃,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၉-၁၂-၂၀၂၄ မှ ၁၃-၁၂-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၆၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၀၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၅၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၅၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့် တက်ခဲ့ပြီး ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး(၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၄,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၇၅၀ (၅၂,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၅၀ (၁,၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာအာလူး(တစ်ပိဿာ)ဈေးနှုန်းများမှာ အောင်ပန်း

A1 ကျပ် ၄၀၀၀၊ အောင်ပန်း OK ကျပ် ၅၀၀၀ ၊အောင်ပန်း S1 ကျပ် ၆၀၀၀၊ အောင်ပန်း S2 ကျပ် ၇၀၀၀ နှင့် တရုတ်အာလူး ကျပ် ၈၃၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၅၀၀၊ အောင်ပန်း OK ကျပ် ၅၀၀ ၊အောင်ပန်း S1 ကျပ် ၅၀၀ ၊အောင်ပန်း S2 ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး တရုတ်အာလူးမှာ ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇ စီး (၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၈ စီး (၁၀၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်း(မြေပဲများ) စတင်စိုက်ပျိုး



မကွေးတိုင်းဒေသကြီး ၊ဆိပ်ဖြူမြို့နယ်ရှိ ရွာသစ်၊ ကိုးတောင့်၊ ချင်းတောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကမ္ဘာကြီးအုပ်စုအတွင်းရှိ ကျေးရွာများ၌ရောဝတီမြစ်ရိုးတစ်လျှောက်မှကိုင်းကျွန်းမြေများတွင် ဆောင်းမြေပဲကို စိုက်ဧက ၁၀၀၀ ခန့်စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြေပဲသီးနှံကို ဒီဇင်ဘာလဆန်းမှ စတင်စိုက်ပျိုးပြီး မတ်လတွင် တူးဖော်ရိတ်သိမ်းရကြောင်း၊မျိုးမှာ မြေပဲလုံးဆန်(ဖြူ) S1 အတောင့်သေးမျိုးကို သီးညှပ်သီးနှံအဖြစ် စိုက်ပျိုး၍ မြေပဲမျိုးတစ်တင်းလျှင် ငွေကျပ် ၁၅၂,၀၀၀ ဖြင့်ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့် စိုက်ပျိုးရကြောင်း၊ယခုနှစ်တွင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် မြေပဲတစ်ဧကလျှင် ငွေကျပ် ၁၀ သိန်း ခန့် ကုန်ကျကြောင်း၊ယခင်နှစ်က မြေပဲတစ်ဧကလျှင် ငွေကျပ် ၇ သိန်းခန့်ကုန်ကျပြီး အထွက်နှုန်းမှာ တင်း ၄၀ မှ ၅၅ တင်းအထိ ထွက်ရှိကြောင်း၊ယခင်နှစ်က မြေပဲတောင့် (အခြောက်) တစ်တင်းလျှင် ငွေကျပ် ၃၀,၀၀၀- ၃၂,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ဈေးကွက်အနေဖြင့် ဒေသတွင်းဆီစက်လုပ်ငန်းများအပြင် ချောက်မြို့ပေါ်ရှိ သီးနှံပွဲရုံ များသို့ တင်ပို့ရောင်းချကြောင်း၊ဒီဇင်ဘာလ ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများမှာ မြေပဲတောင့်(အခြောက်) တစ်တင်းလျှင် ငွေကျပ် ၄၂,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တောင်သူများအနေဖြင့် ဆီထွက်သီးနှံမြေပဲကို မိသားစုစားသုံးဆီ ဖူလုံမှုရရှိသည့်အပြင် အကျိုးအမြတ်ရရှိခြင်းကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅,၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ

ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ဘက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဆန်ကွဲအိတ်တွေအပါအဝင် ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေ နိုဝင်ဘာလရဲ့ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအား သိသိသာသာမြင့်တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကိုပွဲရုံလုပ်ငန်းရှင်တွေကအဆက်မပြတ်တင်ပို့ရောင်းချနေတယ်။အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေပါအဆင်ပြေပါတယ်။ ဆန်ကွဲအရည်အသွေးတော့ ကောင်းဖို့လိုအပ်ပါတယ်"ဟု ၎င်းကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၆,၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲ တင်ပို့ရောင်းချအား တက်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ကုန်သွယ်မှုတွင် မူဝါဒပံ့ပိုးမှုဖြင့် အစီးရေ ငါးသန်းကျော်အထိရောက်ရှိခဲ့

၂၀၂၄ ခုနှစ် အစောပိုင်းတွင်စတင်ခဲ့သော အစုလိုက်အပြုံလိုက် အသစ်လဲလှယ်ခြင်းအစီအစဉ်အရ တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ကုန်သွယ်မှုသည် အစီးရေ ၅ သန်းကျော်သွားပြီဖြစ်ကြောင်း တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လတွင် စတင်မိတ်ဆက်ခဲ့သည့် အမျိုးသားအဆင့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့် မော်တော်ယာဉ်ရောင်းဝယ်ရေး ထောက်ပံ့မှုများဖြင့် ကားအသစ် အစီးရေ ၂ ဒသမ ၅၉ သန်းကို သုံးစွဲသူများက ဝယ်ယူခဲ့ကြပြီး စုစုပေါင်း ကားအစီးရေ ၂ ဒသမ ၄၄ သန်းကျော်ကို ဖျက်ဆီးခဲ့ကြသည်။

အဆိုပါအစီအစဉ်သည် ပြည်တွင်းဝယ်လိုအားကို တိုးချဲ့ခြင်း၊ စက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းများမှတစ်ဆင့် စီးပွားရေးကို မြှင့်တင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

လတ်တလောကာလတွင် စွမ်းအင်သစ်သုံးမော်တော်ယာဉ်new energy vehicle အတွက် ကားအဟောင်းကို ရောင်းဝယ်သူများအနေဖြင့် ထောက်ပံ့ကြေး ယွမ် ၂၀,၀၀၀ အမေရိကန်ဒေါ်လာ ၂,၇၈၁ ရရှိမည် ဖြစ်ပြီး လောင်စာဆီ စွမ်းအင်သစ်သုံးကား new fuel-powered car ကို ရွေးချယ်သူများသည် ယွမ် ၁၅,၀၀၀ ထောက်ပံ့ကြေးရရှိမည်ဖြစ်သည်။

ယင်းမူဝါဒသည် ကားဈေးကွက်ကို ထိရောက်စွာ နှိုးဆွပေးခဲ့သည်။

တရုတ်နိုင်ငံ၏ ခရီးသည်တင် မော်တော်ယာဉ်ရောင်းအားသည် ပြီးခဲ့သည့်လတွင် အစီးရေ ၂ ဒသမ ၄၂ သန်းအထိ တစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း နိုင်ငံတဝှမ်း လူစီးကား ရောင်းအားသည် အစီးရေ ၂၀ ဒသမ ၂၆ သန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံတွင် စွမ်းအင်သစ်လူစီးကားသစ်များ၏လက်လီရောင်းချမှုသည် အစီးရေ ၁ ဒသမ ၂၇ သန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၀ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကာ နိုင်ငံတစ်ဝှမ်း လူစီးကားများ လက်လီရောင်းချမှု စုစုပေါင်း၏ ၅၂ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်။

ဇန်နဝါရီလမှ နိုဝင်ဘာလအထိ အစီးရေ ၉ ဒသမ ၅၉ သန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၁ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံသည် စွန့်ပစ်ထားသော ကားအစီးရေ ၁ ဒသမ ၀၃ သန်းကို ပြန်လည်အသုံးပြုခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၄၁ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စွန့်ပစ်ထားသော ကားများ ပြန်လည်အသုံးပြုမှုသည် အစီးရေ ၆ ဒသမ ၈၈ သန်းအထိ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၆၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

တရုတ်နိုင်ငံ၏ မော်တော်ယာဉ် မူဝါဒအသစ်အရ လူစီးကားအဟောင်းများကို ပြန်လည်အသုံးပြုလာမှုတိုးလာခဲ့သည့်အပြင် စွမ်းအင်သစ် လူစီးကားများ ဝယ်ယူလာမှုသည်လည်း မြင့်တက်လာခဲ့ကြောင်းတွေ့ရှိရပြီး စွမ်းအင်သစ်မော်တော်ယာဉ် လဲလှယ်အသုံးပြုလိုသူများအနေဖြင့် ထောက်ပံ့ငွေများပံ့ပိုးပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

**Source :** http://en.people.cn/n3/2024/1211/c90000-20252523.html

**စီးပွားရေးသံမှူး**

**တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

https://myantrade.gov.mm/article/Naypyitawstp-161220240320

## အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်းမှ ပြည်ပမှီခိုမှုလျှော့ချရန် ရန်ပုံငွေ ရူပီး ၇၂,၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ ) ပံ့ပိုးပေးရန် အစိုးရထံတင်ပြတောင်းဆို

အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်း (Electronics Industries Association of India ELCINA) မှ အီလက်ထရောနစ်ကဏ္ဍအတွက် ပြည်ပမှီခိုမှုလျှော့ချပြီးပြည်တွင်း၌ကုန်ကြမ်းပစ္စည်းထုတ်လုပ်မှု တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုမည့်ရန်ပုံငွေ ရူပီး ၇၂,၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ)အား ပံ့ပိုးပေးရန် အစိုးရထံ တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှု ရည်မှန်းချက် ကန်ဒေါ်လာ ၅၀၀ ဘီလီယံရရှိရန် လိုအပ်သော အီလက်ထရောနစ် သွင်းအားစုများအတွက် ဝယ်လိုအားနှင့် ရောင်းလိုအားကွာဟချက် ကန်ဒေါ် လာ ၂၄၈ ဘီလီယံ ရူပီး ၂၁ သိန်းကာရိုးအထိ ရောက်ရှိလာနိုင်သည့်အတွက်ဖြစ်ကြောင်း သိရသည်။

အဆိုပါကူညီထောက်ပံ့မှုအစီအစဉ်ကြောင့် အဆိုပါ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟချက်ကို (ကန်ဒေါ်လာ ၁၄၆ ဘီလီယံ )ရူပီး ၁၂ ဒသမ ၃၆ သိန်း ကာရိုး အထိလျှော့ချနိုင်ပြီး၊ စုစုပေါင်း (ကန်ဒေါ်လာ ၁၀၂ ဘီလီယံ )ရူပီး ၈ ဒသမ ၈၆ သိန်း ကာရိုး လျှော့ကျသွားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အီလက်ထရောနစ်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သူများ ရင်ဆိုင်နေရသော အခက်အခဲမှာ ကုန်ချောထုတ်လုပ်မှုကဲ့သို့ ကုန်ထွက်ပမာဏကို ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁၆ ဆအထိ မရရှိနိုင်ဘဲ ၃ ဆသာ ရရှိနိုင်ကြောင်း ELCINA အထွေထွေအတွင်းရေးမှူးချုပ် Rajoo Goel က အလေးဂရုပြုပြောကြားခဲ့သည်။

အဆိုပါကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့်အရင်းအနှီးမှပြန်ရချက်နိမ့်ကျခြင်း၊လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုစရိတ် ကြီးမြင့်ခြင်းနှင့် အကျိုးအမြတ်ရရှိရန် ကာလရှည်ကြာခြင်းစသည့်အချက်များကြောင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် လက်နှေးတတ်ကြကြောင်း၊ ယင်းအချက်ကို ကုစားနိုင်ရန် အီလက်ထရောနစ်အစိတ်အပိုင်းထုတ်လုပ်ရေးကဏ္ဍတိုးချဲ့ရန် တွန်းအားပေးနိုင်မည့် လိုအပ်သော အရင်းအနှီးပစ္စည်းကိရိယာများအတွက် အသုံးစရိတ်ငွေ ကန်ဒေါ်လာ ၂ ဒသမ ၁၄ ဘီလီယံနှင့်ထုတ်လုပ်မှုနှင့်ချိတ်ဆက်သော မက်လုံးပေးအစီအစဉ် Production-linked incentives PLI အတွက် ကန်ဒေါ်လာ ၆ ဒသမ ၄၃ ဘီလီယံ အပါအဝင် စုစုပေါင်း ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ ခွင့်ပြုပေးရန် အစိုးရထံတင်ပြခဲ့ခြင်းဖြစ်ကြောင်း Goel က ရှင်းလင်းပြောကြားခဲ့သည်။

ELCINA ၏ အဆိုပြုတင်ပြချက်တွင် ကုန်ချောတစ်ခု၏ စုစုပေါင်းတန်ဖိုး၏ ၄၀ ရာခိုင်နှုန်း ပါဝင်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သော အစိတ်အပိုင်းများကို အဓိကထားဖော်ပြကြောင်း၊ ၎င်းတို့မှာ ပုံနှိပ်ထားသော လျှပ်စီးပတ်လမ်းပြားများ၊ သေးငယ်သောအီလက်ထရောနစ်အစိတ်အပိုင်းများ၊တစ်ပိုင်းလျှပ်ကူးကိရိယာငယ်များနှင့် သတ္တုအစိတ်အပိုင်းများဖြစ်ကြောင်း၊ အဆိုပါအခြေခံကိရိယာပစ္စည်းများသည် အီလက်ထရောနစ်ထုတ်ကုန်များ ထုတ်လုပ်ရာ၌ ပါဝင်သော သွင်းအားစုစရိတ်အားလုံး၏ ၆၀ ရာခိုင်နှုန်းဝေစုကို ရယူထားကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် အိန္ဒိယနိုင်ငံတစ်ပိုင်းလျှပ်ကူးပစ္စည်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီးဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရူပီး ၁ ဒသမ ၅၂ သိန်း ကာရိုးအား ခွင့်ပြုထားပြီးဖြစ်သည်။

သို့သော် ELCINA အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အလုပ်အကိုင်နေရာပေါင်း ၅၀ သိန်းခန့်အား ဖန်တီးပေးနိုင်သည့် လုပ်အားစူးစိုက် labor-intensive သောကဏ္ဍဖြစ်သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သောအစိတ်အပိုင်းများ non-semiconductor components ကဏ္ဍကိုလည်း အလားတူ ပံ့ပိုးကူညီမှုပေးရန် အစိုးရထံ အလေးဂရုပြုတင်ပြထားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါအတိုင်း အစိုးရက ဝင်ရောက်လုပ်ဆောင်ပေးခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်တွင် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုပမာဏ ကန် ဒေါ်လာ ၃၆ ဘီလီယံ ထပ်မံတိုးမြှင့်လာအောင်လှုံ့ဆော်နိုင်မည်ဟု Goel က ခန့်မှန်းထားသည်။

အစိုးရ၏ ပံ့ပိုးကူညီမှုမရှိပါက အဆိုပါ တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သော အစိတ်အပိုင်းများကဏ္ဍအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကန်ဒေါ်လာ ၁၃ ဘီလီယံ မှ ၂၀၃၀ ပြည့်နှစ်တွင် ကန်ဒေါ်လာ ၃၇ ဘီလီယံအထိ တိုးတက်လာရန် မျှော်မှန်းရပြီး၊ ကန်ဒေါ်လာ ၂၄၈ ဘီလီယံ ကွာဟချက်ကြီးမားနေဦးမည်ဖြစ်ကြောင်း သိရသည်။

**Source: The Trade Promotion Council of India, ELCINA seeks ₹72,500 Cr package to reduce import dependence, December 9, 2024**

**စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့။**

https://myantrade.gov.mm/article/Naypyitawstp_161220240107

## ၂၀၂၅ တွင် ဟောင်ကောင်ဒေသ ပို့ကုန်တင်ပို့မှု ၄ ရာခိုင်နှုန်း တိုးတက်လာနိုင်

လာမည့် ၂၀၂၅ တွင် ဟောင်ကောင်ဒေသ ပို့ကုန်တင်ပို့မှု ၄ ရာခိုင်နှုန်း တိုးတက်လာနိုင်သည်ဟု ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ HKTDC က ခန့်မှန်းထားကြောင်း rthk သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် "HK exports to see 4 percent growth in 2025" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

ရွေးကောက်ခံအမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်အာဏာရရှိလာမည့်ဇန်နဝါရီလတွင် ကမ္ဘာ့ကုန်သွယ်မှုအခြေအနေ သိသိသာသာပြောင်းလဲနိုင်ပြီးဟောင်ကောင်ဒေသအပေါ်သို့လည်းအကျိုးသက်ရောက်မှုရှိလာဖွယ်ရှိကြောင်း၊တရုတ်ပြည်မ(သို့မဟုတ်) ဟောင်ကောင်ဒေသ ပင်ရင်းဒေသထုတ်ကုန်များကို အခွန်ကောက်ခံရန်သာမက အဓိကကုန်သွယ်ဖက်များအပေါ်တွင်ပါ အခွန်ကောက်ခံသွားရန် အမေရိကန်မှ ကြေညာထားခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်မှုအပေါ် ဆိုးကျိုးသက်ရောက်နိုင်သည်ဟု HKTDC မှ သုတေသနညွှန်ကြားရေးမှူး Irina Fan က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

မရေရာသည့်အခြေအနေကြောင့် ပို့ကုန်တင်ပို့သူများအနေဖြင့် မကြာသေးမီက front-loading of shipment အတွက် စီစဉ်နေပြီဖြစ်သောကြောင့် ၂၀၂၅ ခုနှစ်၊ပထမနှစ်ဝက်တွင် ပို့ကုန်တင်ပို့မှုသည် ဒုတိယနှစ်ဝက်ထက် ပိုများမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှု ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပြီး ထိုသို့မြင့်တက်ခြင်းမှာ အီလက်ထရောနစ်ပို့ကုန်များ တင်ပို့မှု ပြန်လည်ဦးမော့လာခြင်းကြောင့်ဖြစ်ကြောင်း၊ အီလက်ထရောနစ်ပစ္စည်းများမှာ ဟောင်ကောင် ဒေသစုစုပေါင်း ပို့ကုန်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး၊ ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ AI အသုံးပြုနိုင်သည့် စနစ်များအပေါ် ဝယ်လိုအားရှိနေသောကြောင့် လာမည့်နှစ် ပို့ကုန်တင်ပို့မှုအတွက်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

**Source : စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့။**

https://myantrade.gov.mm/article/Naypyitawstp-171220241005

## အီသီယိုးပီးယားသည် တရုတ်နိုင်ငံသို့ ကော်ဖီ ပိုမိုတင်ပို့သွားရန် မျှော်မှန်းထား

တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီတင်ပို့မှု၏ ထိပ်တန်းနေရာများအနက်မှ တစ်ခု ဖြစ်လာသောကြောင့် အီသီယိုးပီးယားအစိုးရသည် လျင်မြန်စွာကြီးထွားလာသော တရုတ်ကော်ဖီဈေးကွက်ကို ထပ်မံထိုးဖောက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

Ethiopian Coffee and Tea Authority ECTA မှ တာဝန်ရှိသူများသည် အရှေ့အာဖရိကရှိ အီသီယိုပီးယားနိုင်ငံ၏ ကော်ဖီကို စိတ်ဝင်စားသော တရုတ်စီးပွားရေးကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ကြောင်း ECTA က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ဆွေးနွေးမှုအတွင်း တရုတ်နိုင်ငံသည် အီသီယိုပီးယားကော်ဖီကို တင်သွင်းသည့်ထိပ်တန်း ၁၀ နိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်လာသောကြောင့် တရုတ်ဈေးကွက်သည် အီသီယိုပီးယားကော်ဖီ တင်ပို့ရောင်းချသူများအတွက် ပို၍အရေးပါလာကြောင်းကို ECTA မှ တာဝန်ရှိသူများနှင့် အီသီယိုပီးယား ကော်ဖီတင်ပို့ရောင်းချသူများက အလေးပေးပြောကြားခဲ့သည်ဟု သိရသည်။

မကြာသေးမီနှစ်များအတွင်း အီသီယိုပီးယားမှ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှု အရှိန်အဟုန်ဖြင့် မြင့်တက်လာကြောင်းနှင့် တရုတ်လူမျိုးများအကြားတွင် ကော်ဖီသောက်သုံးသူများပြားလာပြီး အီသီယိုပီးယားကော်ဖီ၏ လူကြိုက်များမှု မြင့်တက်လာခြင်းသည် အီသီယိုပီးယား၏ ကော်ဖီတင်ပို့မှုဈေးကွက်ကို တွန်းအားပေးလျက်ရှိကြောင်း အီသီယိုပီးယားမှ တာဝန်ရှိသူများ နှင့် ကော်ဖီတင်ပို့ရောင်းချသူများက ပြောကြားခဲ့သည်ဟု သိရသည်။

အီသီယိုပီးယားမှ ကော်ဖီကိုတိုက်ရိုက်တင်သွင်းသည့် တရုတ်ကော်ဖီဝယ်သူများ သိသိသာသာတိုးလာခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်အတွင်း တရုတ်နိုင်ငံသို့ အီသီယိုပီးယား ကော်ဖီတင်ပို့မှုပမာဏသည် နှစ်စဉ် ပျမ်းမျှ ၂၇ ရာခိုင်နှုန်း တိုးလာကြောင်း အာဏာပိုင်များ၏ အချက်အလက်များအရ သိရသည်။

ကော်ဖီထုတ်လုပ်မှုတွင် ကျော်ကြားသော အီသီယိုပီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ရရှိခဲ့ကြောင်းနှင့် လက်ရှိ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆိုပါပမာဏကို အမေရိကန်ဒေါ်လာ၂ဘီလီယံအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း သိရသည်။

အာရေဗီးကားကော်ဖီ၏ မူလအစအဖြစ် သတ်မှတ်ခံထားရသော အီသီယိုပီးယားနိုင်ငံသည် အာဖရိက၏ အကြီးဆုံးကော်ဖီ ထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူဖြစ်ပြီး ကော်ဖီထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးဆောင်သော နိုင်ငံ့ စီးပွားရေး၏ အဓိကကျောရိုးအဖြစ်သတ်မှတ်ထားကြောင်း၊ ၎င်း၏ကောင်းမွန်သည့် ကော်ဖီအရည်အသွေးနှင့်အရသာများကြောင့် ၎င်း၏ကော်ဖီသည် ကမ္ဘာတစ်ဝှမ်းတွင် ဝယ်လိုအားမြင့်မားလျက်ရှိကြောင်း သိရသည်။

**Source: en.people.cn/n3/2024/1210/c90000-20252089.html**

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/article/Naypyitawstp-171220241040

## STOCK EXCHANGE (17.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,441 (Shares) | 16,338,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +200 | +2.44% | 8,200 | 8,400 | 8,200 | 61 | 500,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 4,147 | 12,913,100 | 38,929,150 | 120,680 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 10 | 82,000 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 50 | 97,500 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 660 | 1,104,350 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 0 | 0 | 10,497,598 | 45,140 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 513 | 1,641,600 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.04 | +2.48 | +0.64% | 387.56 | 390.04 | 386.00 | 5,441 | 16,338,950 | 8 | 735,682 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 6,441 (Shares) | 19,488,950 (MMK) |

## Main Board

As of 1:00 pm, 17th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,441 (Shares) | 16,338,950 (MMK) |

| MYANPIX | 390.04 ▲ 2.48 |
|---|---|
| Total Volume (shares) | 5,441 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 735,682 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 200 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |